# Oji Group လူ့အခွင့်အရေးမူဝါဒ

Oji Group သည် [လူ့အခွင့်အရေး လေးစားမှု] ကို ကမ္ဘာလုံးဆိုင်ရာ အပြုအမူစံနှုန်းအဖြစ် အသိအမှတ်ပြုထားပြီး ဤနေရာတွင် လူ့အခွင့်အရေးဆိုင်ရာ အခြေခံရပ်တည်ချက်အဖြစ် [Oji Group လူ့အခွင့်အရေးမူဝါဒ] ကို ပြဋ္ဌာန်းပြီး ယခုမှစ၍လည်း လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားရန် ပိုမို ကြိုးပမ်းအားထုတ်ခြင်းနှင့် အတူ လူတစ်ဦးချင်း၏ အမျိုးမျိုးသော တန်ဖိုးထားမှုများကို လေးစားမှု ထားရှိပြီး အရည်အချင်းကို အစွမ်းကုန် ဖော်ပြနိုင်သော လူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်ရာတွင် အကျိုးပြုသွားပါမည်။

## 1. အခြေခံမူဝါဒ

မိမိတို့သည် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ [စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူဝါဒ]၊ OECD မှ [တာဝန်ယူမှု ရှိသော ကုမ္ပဏီအပြုအမူများဆိုင်ရာ နိုင်ငံစုံကုမ္ပဏီများ၏ အပြုအမူများမူဝါဒ] နှင့်တကွ ILO မှ [နိုင်ငံစုံကုမ္ပဏီကြေညာစာတမ်း] တို့ကို အခြေခံ၍ လူ့အခွင့်အရေး လေးစားတန်ဖိုးထားရေးကို ကြိုးပမ်းရန် တိုက်တွန်းအားပေးလျက် ရှိပြီး [နိုင်ငံတကာ လူ့အခွင့်အရေး ကြေညာစာတမ်း (ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ်များ)]၊ [အလုပ်သမား အခြေခံမူများနှင့် အခွင့်အရေးများဆိုင်ရာ ILO ကြေညာစာတမ်း*]၊ [ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း] စသည်တို့မှ နိုင်ငံတကာ စည်းမျဉ်းများနှင့် ၎င်းတို့ကို အခြေခံထားသော ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများဆိုင်ရာ [လွတ်လပ်သော ဆန္ဒနှင့်အညီ လုံလောက်သော သတင်းအချက်အလက်များပေါ် အခြေခံထားသော ကြိုတင်သဘောတူညီချက်] နှင့် စပ်လျဉ်းသော အခွင့်အရေး စသည်တို့မှ နိုင်ငံတကာ လူ့အခွင့်အရေးကို ထောက်ခံမှု ပြုပြီး လေးစားတန်ဖိုးထားပါမည်။

နိုင်ငံတကာ လူ့အခွင့်အရေးစည်းမျဉ်းများနှင့် နိုင်ငံအသီးသီးမှ ပြည်တွင်းဥပဒေများ မတူညီပါက မိမိတို့သည် ပိုမို မြင့်မားသော စံသတ်မှတ်ချက်များကို လိုက်နာမည် ဖြစ်ပြီး ထိုစည်းမျဉ်းနှင့် ဥပဒေကြားတွင် အငြင်းပွားဖွယ်ရာ ရှိပါက နိုင်ငံတကာမှ အသိအမှတ် ပြုထားပြီး လူ့အခွင့်အရေးကို အစွမ်းကုန် လေးစားမှု ထားရှိသော ဥပဒေများကို လိုက်နာပါမည်။

ထို့အပြင် မိမိတို့သည် ကုလသမဂ္ဂ Global Compact အဖွဲ့ဝင်ကုမ္ပဏီအနေဖြင့် ကုလသမဂ္ဂ Global Compact အဖွဲ့၏ အခြေခံစည်းမျဉ်း ၁၀ ချက်ကို ထောက်ခံလျက် ရှိပြီး ကုမ္ပဏီတွင်းနှင့် ပြင်ပမှ အထူးပြုအကြံဉာဏ်များကို လက်ခံ၍ ဤမူဝါဒကို ရေးဆွဲထားပါသည်။

* အခြေခံ အလုပ်သမားစံနှုန်းများ ဖြစ်သော [ကလေးလုပ်သား တားမြစ်ခြင်း]၊ [အဓမ္မအလုပ်ခိုင်းစေမှု တားမြစ်ခြင်း]၊ [အလုပ်ခန့်ခြင်းနှင့် အလုပ်ခွင်တွင် ခွဲခြားဆက်ဆံမှုကို ဖျက်သိမ်းခြင်း]၊ [အသင်းအဖွဲ့များ လွတ်လပ်မှု ရှိရေးနှင့် အလုပ်သမားသမဂ္ဂအခွင့်အရေးများ အတည်ပြုပေးခြင်း]၊ [လုံခြုံဘေးကင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော အလုပ်ခွင်ပတ်ဝန်းကျင်] တို့ ပါဝင်ပါသည်။

## 2. အကျုံးဝင်သော အပိုင်းအခြား

ဤမူဝါဒတွင် Oji Group ၏ ဘုတ်အဖွဲ့ဝင်များနှင့်တကွ ဝန်ထမ်းများ အကျုံးဝင်သည်။

ထို့အပြင် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၊ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများနှင့် တိုက်ရိုက် ဆက်စပ်သော စီးပွားရေးမိတ်ဖက်များနှင့်တကွ အခြား ပတ်သက်သူများအနေဖြင့်လည်း ဤမူဝါဒနှင့်အညီ ဖြစ်သော လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားစေလိုပြီး [Oji Group ၏ Supply Chain စဉ်ဆက်မပြတ်ရေး လုပ်ဆောင်မှုမူဝါဒ] စသည်ကို လိုက်နာပြီး စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်သွားပါမည်။

## ၃။ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသော အုပ်ချုပ်မှုပိုင်း

မိမိတို့သည် လူ့အခွင့်အရေး လေးစားတန်ဖိုးထားရေး ကတိကဝတ်ကို ဖြည့်ဆည်းရာတွင် အရေးကြီးသော ကိစ္စရပ်များနှင့် ပတ်သက်၍ စဉ်ဆက်မပြတ် တိုက်တွန်းအားပေးရေး ကော်မတီ (ကော်မတီဥက္ကဋ္ဌ - ကုမ္ပဏီအုပ်စု CEO၊ ကော်မတီဝင်များ - ကုမ္ပဏီဥက္ကဋ္ဌအားလုံးနှင့် အခြားသူများ) ဖြင့် ကြားနာစစ်ဆေးပြီး ဒါရိုက်တာဘုတ်အဖွဲ့က စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်ခြင်းကို ဆောင်ရွက်ပါမည်။

## ၄။ လူ့အခွင့်အရေး လေးစားတန်ဖိုးထားရေးအတွက် အလေးထား လုပ်ဆောင်မှုများ

မိမိတို့သည် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ [စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူဝါဒ] တွင် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများနှင့် အညီ လူ့အခွင့်အရေး လေးစားတန်ဖိုးထားရေးတာဝန်ကို ကျေပွန်ရန် အလို့ငှာ ရှယ်ယာရှင်များ၏ အမြင်များကိုလည်း အခြေခံပြီး လူ့အခွင့်အရေး လေးစားတန်ဖိုးထားရေးကို အလေးထား လုပ်ဆောင်ပါမည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ကုမ္ပဏီ၏ လှုပ်ရှားဆောင်ရွက်မှုများမှတဆင့် ဖြစ်ပေါ်စေခြင်း သို့မဟုတ် အားပေးခြင်း ပြုလုပ်နိုင်သောလူ့အခွင့်အရေး ထိခိုက်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်း ပတ်သက်မှုကြောင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၊ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများနှင့် တိုက်ရိုက် ဆက်စပ်နိုင်သော လူ့အခွင့်အရေး ထိခိုက်မှုကို အစုရှယ်ယာရှင်များနှင့်အတူ စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးခြင်းဖြင့် သိရှိနားလည်ရန် ကြိုးပမ်းပြီး သီးသန့်သတ်မှတ်ခြင်း၊ ကာကွယ်တားဆီးခြင်း၊ လျှော့ချခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ကာ ထိုသို့ ဆောင်ရွက်၍ ရရှိလာသော အကျိုးရလဒ်များကို စဉ်ဆက်မပြတ် စိစစ်အတည်ပြုသွားပါမည်။

Oji Group သည် ဤမူဝါဒအပေါ် နားလည် သဘောပေါက်ပြီး ထိရောက်စွာ အကောင်အထည်ဖော်ရန် အလို့ငှာ ဘုတ်အဖွဲ့ဝင်နှင့် ဝန်ထမ်းများ အားလုံးအပေါ် သင့်လျော်သည်များကို သင်ကြားပေးပါမည်။

## ၅။ ပြုပြင်တည့်မတ်ခြင်းနှင့် ကူညီကယ်တင်ခြင်း

လူ့အခွင့်အရေး ထိခိုက်မှု ဖြစ်ပေါ်စေသည့်အပြင် အားပေးအားမြှောက် ပြုသည့် ကိစ္စရပ်ကို မိမိတို့ ဖော်ထုတ်တွေ့ရှိပါက မိမိတို့သည် ပတ်သက်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး သင့်လျော်သော လုပ်ထုံးလုပ်နည်းများမှ တဆင့် ထိုကိစ္စရပ်နှင့် စပ်လျဉ်း၍ ပြုပြင်တည့်မတ်ရန် ကြိုးပမ်းဆောင်ရွက်ပါမည်။ ထို့အပြင် စီးပွားရေးမိတ်ဖက်များ သို့မဟုတ် အခြားပတ်သက်သူများမှ တဆင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများ၊ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုများက လူ့အခွင့်အရေး ထိခိုက်မှုတွင် တိုက်ရိုက် ဆက်စပ်မှု ရှိနေပါက ထိုပတ်သက်သူတို့ကို ပြုပြင်တည့်မတ်ရန် ကြိုးပမ်းရေးကို စဉ်းစားသုံးသပ်သွားပါမည်။

Oji Group တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ [စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူဝါဒ] ကို အခြေခံထားသော ဥပဒေနည်းလမ်းအရမဟုတ်သည့် တိုင်ကြားမှုဖြေရှင်းရေးယန္တရားတွင် ပါဝင်ပြီး ဝန်ထမ်းများ၊ထောက်ပံ့ရေးကွင်းဆက်(Supply Chain)၊ ဒေသခံများ၊မူလဒေသခံများစသည့် အားလုံးသော အစုရှယ်ယာရှင်များ(Stakeholders)က အသုံးပြုနိုင်ပြီး၊Oji Group ၏ ပြည်တွင်းပြည်ပရှိ တန်ဖိုးကွင်းဆက် (Value

Chain) တစ်ခုလုံးတွင် ဖြစ်ပေါ်သည့် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် မကောင်းသည့် အကျိုးသက်ရောက်မှုများအတွက် ဖြေရှင်းရန် ကူညီကယ်တင်ရေးဌာနကို ဖွင့်လှစ်ထားရှိကာ သင့်လျော်သော တုံ့ပြန်ဖြေရှင်းမှုများကို ပြုလုပ်မည့် စနစ်ကို ထူထောင်ထားပါသည်။ အဆိုပါ ယန္တရားမှတဆင့် သတင်းပေးပို့မှုကို လက်ခံချိန်တွင် သတင်းပို့သူ၏ အမည်နာမ လျှို့ဝှက်ရေးနှင့် တိုင်ကြားစာပါ အကြောင်းအရာ လျှို့ဝှက်ရေးကို စီစဉ်ထားပြီး သတင်းပေးပို့ခြင်းကြောင့် သတင်းပို့သူအနေဖြင့် ထိခိုက်နစ်နာမှု မရှိစေရန် ထိန်းသိမ်းကာကွယ်ပါမည်ဟု ကတိပြုပါသည်။

ထို့အပြင် စားသုံးသူများနှင့် ကုမ္ပဏီပြင်ပမှ အစုရှယ်ယာရှင်များအတွက်လည်း တိုင်ပင်ဆွေးနွေးရေးဌာနကို ဤကုမ္ပဏီ Website တွင် ထားရှိပေးထားပါသည်။ ထို့အပြင် Oji Group မှ ဘုတ်အဖွဲ့ဝင်နှင့် ဝန်ထမ်းများ အားလုံးအတွက် ရည်ရွယ်၍ တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းပို့ခြင်း စသည်တို့ ပြုလုပ်နိုင်သော [ကုမ္ပဏီကျင့်ဝတ်ဆိုင်ရာ Help Line] ကို ဖွင့်လှစ်ထားပြီး ဥပဒေချိုးဖောက်မှုများ၊ မမှန်မကန်ပြုမူမှုများ (အလုပ်နှင့်ဆက်စပ်သည်များ၊ နှောင့်ယှက်မှုနှင့်ဆက်စပ်သည်များ)အတွက် တိုင်ပင်ဆွေးနွေးမှုကို လက်ခံဆွေးနွေးနေပါသည်။

**ကုမ္ပဏီပြင်ပဌာနသို့ တိုင်ပင်ဆွေးနွေး သတင်းပေးပို့သည့်အချိန်တွင် အမျိုးသားရှေ့နေ သို့မဟုတ် အမျိုးသမီးရှေ့နေ ဟူ၍ ဆန္ဒပြုရွေးချယ်နိုင်ပါသည်။

## ၆။ တွေ့ဆုံဆွေးနွေးခြင်းနှင့် သတင်းအချက်အလက် ထုတ်ပြန်ခြင်း

Oji Group သည် ဤမူဝါဒကို အခြေခံသော လူ့အခွင့်အရေးဆိုင်ရာ ကြိုးပမ်းမှုနှင့် ပတ်သက်၍ ပြင်ပမှ လူ့အခွင့်အရေးကျွမ်းကျင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကိုပါ ရယူလျက် အခွင့်အရေး ပိုင်ဆိုင်သူများနှင့်တကွ အခြား ဆက်စပ်သော အစုရှယ်ယာရှင်များနှင့်အတူ တွေ့ဆုံ၊ ဆွေးနွေး၊ တိုင်ပင်ခြင်းကို ပြုလုပ်ပါမည်။

လူ့အခွင့်အရေး လေးစားလိုက်နာရေး ကြိုးပမ်းအားထုတ်မှု၏ တိုးတက်မှုအခြေအနေနှင့် ပတ်သက်၍ ဤကုမ္ပဏီ Website၊ စုပေါင်းအစီရင်ခံစာ (Integrated Report)၊ ငွေကြေးလက်မှတ်များအစီရင်ခံစာ (Securities Report) စသည်တို့မှတဆင့် သင့်လျော်သလို ထုတ်ပြန်ခြင်းနှင့် အစီရင်ခံတင်ပြခြင်းတို့ကို ပြုလုပ်သွားပါမည်။

ဤမူဝါဒမှာ မိမိတို့ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များ၏ သဘောတူခွင့်ပြုမှုကို ရရှိထားပြီး ကုမ္ပဏီအုပ်စု CEO မှ လက်မှတ်ရေးထိုးထားပါသည်။

Oji Holdings Corporation
CEO နှင့် ကုမ္ပဏီဥက္ကဋ္ဌ ကုမ္ပဏီအုပ်စု CEO
Isono Hiroyuki

အတည်ပြုခြင်း - ၂၀၂၀ ခုနှစ် ၈ လ ၄ ရက်
ပြင်ဆင်ခြင်း - ၂၀၂၄ ခုနှစ် ၂ လ ၂၆ ရက်
ပြင်ဆင်ချက်: ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်